ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

https://moe.nugmyanmar.org

ကြေညာချက်အမှတ် (၁၁/၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁၂ ရက်နေ့

(၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့)

၂၀၂၃ ခုနှစ်၊ အခြေခံပညာပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် စစ်ဆေးအကဲဖြတ်ရလဒ်မှတ်တမ်းများ ထုတ်ပေးမည့်ရက်ကို ထုတ်ပြန်ကြေညာခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ ပထမအကြိမ်နှင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ ဒုတိယအကြိမ်ဖြင့် (၂) ကြိမ်ခွဲ၍ ကျင်းပခဲ့ပြီး မြေပြင်အခက်အခဲများကြောင့် အွန်လိုင်း (Online) ဖြေဆိုမှုများပြီးဆုံးသော်လည်း အော့ဖ်လိုင်း (Offline) ဖြေဆိုမှုများကို ဖြေဆိုကာလ ထပ်တိုးဆောင်ရွက်ခဲ့ရပါသည်။ ယခုအခါ ဖြေဆိုမှုများအားလုံး ဆောင်ရွက်ပြီးစီးပြီးနောက် အခြေခံပညာပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် စစ်ဆေးအကဲဖြတ်ရလဒ်မှတ်တမ်းများ ထုတ်ပေးမည့်အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

၁။ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီစွာ အွန်လိုင်း (Online) မှ ဖြေဆိုထားသည့် ကျောင်းသူ၊ ကျောင်းသားများသည် အခြေခံပညာပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် စစ်ဆေးအကဲဖြတ်ရလဒ်မှတ်တမ်းများကို ၂၀၂၄ ခုနှစ်၊ မေလ (၁၁) ရက်နေ့ မနက် (၉) နာရီမှ စတင်၍ အွန်လိုင်း (Online) မှ ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

၂။ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီစွာ အော့ဖ်လိုင်း (Offline) မှ ဖြေဆိုထားသည့် ကျောင်းသူ၊ ကျောင်းသားများသည် အခြေခံပညာပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် စစ်ဆေးအကဲဖြတ်ရလဒ်မှတ်တမ်းများကို မိမိတို့သက်ဆိုင်ရာ မြို့နယ်ပညာရေးဘုတ်အဖွဲ့နှင့် ဆက်သွယ်၍ ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

၃။ ထုတ်ယူနိုင်မည့်အစီအစဉ်အသေးစိတ်ကို ပညာရေးဝန်ကြီးဌာန၏ တရားဝင်ဆက်သွယ်ရေးလမ်းကြောင်းများ (Official Channels) တွင် ဆက်လက်ကြေညာပေးသွားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ